ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၃ ၂၀၂၃ ခုနှစ် ၊ ဇွန်လ ၁ ရက်

## အရာထမ်းအခြေခံမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား သင်တန်းပို့ချခြင်း



ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ (၃၀-၅-၂၀၂၃) ရက်နေ့တွင် အရာထမ်းအခြေခံမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဦးစီးဌာနဆိုင်ရာဘာသာရပ်အား သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၃၁) ဦး တက်ရောက်ခဲ့ပါသည်။

# အရာထမ်းအခြေခံမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနား




ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ (၃၀-၅-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အရာထမ်းအခြေခံမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားဦးရေ (၃၁) ဦး တက်ရောက်ခဲ့ပါသည်။

# အရာထမ်းအခြေခံမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား သင်တန်းပို့ချခြင်း




ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်း၌ (၂၅-၅-၂၀၂၃) ရက်နေ့တွင် အရာထမ်းအခြေခံမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) အား ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ အကောက်ခွန်ဦးစီးဌာနဆိုင်ရာဘာသာရပ်အား သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၃၁) ဦး တက်ရောက်ခဲ့ပါသည်။

# အလုပ်သင် ဒုတိယအကောက်ခွန်မှူး သင်တန်း (၁/၂၀၂၃)
# အား သင်တန်းပို့ချခြင်း






ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်း၌ (၃၁-၅-၂၀၂၃) ရက်နေ့တွင် အလုပ်သင်ဒုတိယအကောက်ခွန်မှူး သင်တန်း (၁/၂၀၂၃) အား ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ အကောက်ခွန်ဦးစီးဌာနဆိုင်ရာ ဘာသာရပ်အား သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၇၀) ဦး တက်ရောက်ခဲ့ပါသည်။

# အရာထမ်းအခြေခံမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား သင်တန်းပို့ချခြင်း






ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်း၌ (၈-၅-၂၀၂၃) ရက်နေ့တွင် အရာထမ်းအခြေခံမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) အား ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ အကောက်ခွန်ဦးစီးဌာနဆိုင်ရာ ဘာသာရပ်အား သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၃၁) ဦး တက်ရောက်ခဲ့ပါသည်။

# အလုပ်သင် ဒုတိယအကောက်ခွန်မှူး သင်တန်း (၁/၂၀၂၃)
# သင်တန်းဖွင့်ပွဲ အခမ်းအနား





စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၂-၅-၂၀၂၃) ရက်နေ့မှ (၇-၆-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သည့် အလုပ်သင် ဒုတိယအကောက်ခွန်မှူးသင်တန်း (၁/၂၀၂၃) အား စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သီသီတင်မှဦးဆောင်၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ (၇၀) ဦး တက်ရောက်ခဲ့ပါသည်။

# စာရေးဝန်ထမ်းသင်တန်း (၁/၂၀၂၃)

# သင်တန်းဆင်းပွဲ အခမ်းအနား



စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန် သင်တန်းကျောင်း၏ (၁၈-၅-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် စာရေးဝန်ထမ်းသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲသို့ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သီသီတင် မှတက်ရောက်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားဦးရေ (၃၉) ဦး တက်ရောက်ခဲ့ ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၁၉၇.၆၅၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၁၇) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၉၁၉၇.၆၅၇) သန်းဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၂၄-၂-၂၀၂၃) ရက်နေ့တွင် လေဆိပ် (သွင်းကုန်) ၌ AWB No. (1508667473) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအားစစ်ဆေးရာ VPA(61)ရက် ကျော်လွန်နေသည့် (ရွှေဟုယူဆရသည့် ရွှေရောင်ဆွဲကြိုး) (152-Nos) (707.15-g) အပါအဝင်လက်ဝတ်ရတနာ (၂) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၈၅,၆၈၉,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။



## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၁၉၇.၆၅၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု








အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂.၅.၂၀၂၃) ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း(AWPT)၌ ID No.(100240367511) (20.4.2023)၊ ကုန်သေတ္တာအမှတ်၊ (DRYU–2657255) (EGSU–3034000) (2X20’) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအားစစ်ဆေးရာ ID တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် (Lubricants) (Brand–MASS) (Motor Engine Oil) (15W–40) (API CH–4/SL) (20–Liter) (C/O–U.A.E) (17582.4–Kg) အပါအဝင်ကုန်ပစ္စည်း(၂)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂၈,၀၈၀,၀၀၀ိ/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၁၉၇.၆၅၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု



(၅-၅-၂၀၂၃) ရက်နေ့တွင် မန္တလေးမြို့မှ လားရှိုးမြို့သို့ သွားရောက်မည့် (HINO Truck) အမျိုးအစား၊ ယာဉ်အမှတ်၊ (1F/9551)(6W) ယာဉ်အား (၁၆) မိုင်၊ ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ ဖုံးအုပ်သယ်ဆောင်လာသည့် အိတ်များအားတွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ သယ်ယူပို့ဆောင်စစ်ဆေးခဲ့ရာ တရားဝင်တင်ပို့ခွင့် အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် (သစ်ခွပင်) (ပိဿာချိန်-725Viss) (၄၅-အိတ်)၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၉၀၀,၀၀၀/-) အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (1F/9551)(HINO Truck)(6W) (C/O-Japan) (1-U)၊ ခန့်မှန်းတန်ဖိုးကျပ် (၂၀,၀၀၀,၀၀၀/-) အားလည်းကောင်း၊ (မြေပဲဆံ)(1x45kg)(၃၃-အိတ်)၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၃၁၀,၀၀၀/-) ခန့်အား လည်းကောင်း၊ (ကြက်သွန်နီ)(1x25kg)(၈၅-အိတ်)၊ ခန့်မှန်းတန်ဖိုးကျပ် (၁,၂၇၅,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၁၉၇.၆၅၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု

(၂၆-၅-၂၀၂၃) ရက်နေ့တွင် နမ့်စန်မြို့မှ တာချီလိတ်မြို့သို့ သွားရောက်မည့် ယာဉ်အမှတ် (SHN 5L-8102)(Fuso)(12W) ယာဉ်အား တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) ၌ စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကွမ်းပါကေး (ဆိုဒ်စုံ)(9480-Nos)(0.48-Ton)၊ ခန့်မှန်းတန်ဖိုးကျပ် (၃၁၆,၈၀၀/-)ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (SHN 5L-8102)(Fuso)(12W)(Model-2006)(C/O-Japan)(1-U)၊ ခန့်မှန်းတန်ဖိုးကျပ် (၃၂,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၁၉၇.၆၅၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု





(၂၀-၅-၂၀၂၃) ရက်နေ့တွင် ရန်ကုန်မြို့မှ မြဝတီမြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (4I-5584)(12W)ယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (ကျောက်စိမ်းဟုယူဆရသည့် ကျောက်အချောထည်ပစ္စည်း)(မုန်လာထုပ်ပုံ) (1-Nos) (8-Kg) အပါအဝင် ကျောက်အချောထည်ပစ္စည်း(၆၇)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၁၉၀,၆၅၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (4I-5584)(12W)(Mitsubishi FusoTruck) (Model-2000) (C/O-Japan) (1-U)၊ ခန့်မှန်းတန်ဖိုးကျပ်(၄၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၉၁၉၇.၆၅၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု







(၁၂-၅-၂၀၂၃) ရက်နေ့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ်၊ (1P/9453) (22W) ယာဉ်အား ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် (Electric Rice Cooker) (Brand-81) (1000W)(2.8L)(1x4Pkg)(C/O-Thailand) (10-Pkgs)၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၄၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။